## စတုတ္ထအကြိမ်ပုံနှိပ်ခြင်း

**စာပေနှင့် ယဉ်ကျေးမှု** "အလိမ္မာစာမှာဆုံးသည်" ဟူသော ရှေးသူဟောင်းတို့ စကားအရ လူမျိုးတိုင်း၊ ဘာသာတိုင်း၏ လိမ္မာယဉ်ကျေးမှု အဝဝသည် စာပေနှင့်ကင်း၍ မဖြစ်နိုင်။ ရှေးပညာရှိကြီးတို့ စီစဉ်ခဲ့သော ပေါရာဏ၊ ဝေါဟာရ၊ မဂဓ၊ သက္ကဋ၊ ကဗျာလင်္ကာတို့ကို မှီငြမ်းပြုလျက် နှစ်သက်လိုလားစွာ လိုက်နာကျင့်သုံးမှသာလျှင် တိုးတက်ကြီးပွားနိုင်ပေမည်။ ဤ **ပေါရာဏဒီပနီ** ကို စီစဉ်ရေးသားသော **မော်ဗီ–ဆရာသိန်းကြီး** သည်လည်း မြန်မာ့ယဉ်ကျေးမှု အနုစာပေတွင် ဝါသနာထုံသည့်အားလျော်စွာ နောင်လာနောက်သားတို့ မြန်မာ့ယဉ်ကျေးမှု မပပျောက်စေရန် ရည်သန်လျက် ဤကျမ်း၏ ပထမတွဲတွင်–(၁) ရှေးပေါရာဏစကားနှင့် ယခုခေါ်ဝေါ်ခြင်းစကားများ၊ (၂) ကဗျာစပ်နည်း၊ (၃) စာရေးနည်းဖတ်နည်း၊ (၄) ရှေးဟောင်းကဗျာများ၊ (၅) အထွေထွေမှတ်ဖွယ်ဟု ငါးကဏ္ဍ ခွဲခြား၍ စီစဉ်ထားသည်ကို တွေ့ရှိရပေသည်။

**ပေါရာဏနှင့် ယခုစကား** ပထမခန်းတွင် ကမ္ဘာဦးသူတို့ ပြောဆိုသော မဂဓ၊ သက္ကဋ လွတ်ကင်းလျက် သက္ကရာဇ် နှစ်ပေါင်းတစ်ထောင်ကျော် လောက်က သုံးစွဲပြောဆိုသော မြန်မာစကားသက်သက်ကို 'ပေါရာဏစကား' ဟု သတ်မှတ်လျက် ပုဂံခေတ်၊ အင်းဝခေတ်၊ အမရပူရခေတ်၊ မန္တလေးခေတ်မှစ၍ ယခုခေတ်တိုင်အောင် ပြောဆိုသောစကားများနှင့်ယှဉ်တွဲကာ ပေါရာဏစကား ဟုတ်မဟုတ် နှိုင်းချိန်နိုင်ရန် မဂဓစကား၊ သက္ကဋစကား၊ ပါဠိမြန်မာတွဲဖက်စကား များနှင့် ထပ်၍ပြောဆိုသော စကားဖို စကားမများကိုပါ ဆက်တွဲပြဆိုထားသဖြင့် စကားအမျိုးအစား ခွဲခြားသိလိုသူတို့၏ မှတ်ကျောက်သဖွယ် ဖြစ်ပေသည်။

**ကဗျာ စပ်နည်း** ဒုတိယခန်းတွင် ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း စသည် တို့ကို စီကုံးစပ်ဆိုရာ၌ လိုရင်းအကြောင်းအချက်များဖြစ်သော အစပ်ခြောက်ပါး၊ အသတ်ခြောက်ပါးနှင့် ဘုရား၊ မင်း၊ အမတ်၊ နတ်၊ တိရစ္ဆာန်၊ ဆင်းရဲသားကို ချီး၍ စပ်ဆိုရသော အက္ခရာများအမည်ကို ခွဲခြားလျက် ဆန်းနှင့်ညီအောင် ဂိုဏ်း၊ ဂရု၊ လဟုရွေးနည်း၊ ဘွဲ့အမည်ပေးနည်းများကို ဇယား ပုံနှင့်တကွ ပြထားခြင်း၊ အလင်္ကာနှင့်ညီအောင် အလင်္ကာဒေါသကို ရှောင်ကြဉ်၍ ဂုဏ်ရောက်အောင် ဖွဲ့နွဲ့ပြခြင်းများအပြင် ရတုလင်္ကာချီနည်း ချနည်း ၂၅ ပါး၊ စီကုံးခြင်း၌ ကြိယာခြောက်ဆယ်များကိုပါ ပြည့်စုံစွာ ဖော်ပြထားသဖြင့် ကဗျာစပ်မှု၌ ကျွမ်းကျင်လိုသူများအတွက် သင်နည်းမှတ်ချက်သဖွယ် ဖြစ်ပေသည်။

**စာရေးနည်း ဖတ်နည်း** တတိယခန်း၌ ပညာရှိ ကဝိစာဆိုတို့၏ ကိုယ်ရည်သွေး ဖြစ်သော ဆန်းကြယ်တင့်တယ်စွာ ရေးစပ်ထားသည့် စကြာခုနစ်ထပ်၊ ပဒုမ္မာကြာဖူးငုံ၊ ၁၂ ရာသီစကြာ၊ စကြာလေးကျွန်းလည်၊ စက် ဂါထာ၊ စက်စာရေးဖတ်နည်း၊ ပညာရှိတို့ ကီလိဋ္ဌအရာ၌ သုံးစွဲအပ်သော ပိတုန်း ပျံ့ဝဲ၊ ဝါးခွဲ၊ ရင်စေ့၊ ခြသေ့လည်ပြန်၊ ကြံဖန်ကောက်၊ ကျောက်စာ၊ ပျူစာ၊ ဒူးဂဏန်း ကျေးဂဏန်း၊ သုံးလွန်းတင်၊ ရွှေနဘောထပ် စသော ရေးထုံးရေးနည်း၊ ဖတ်နည်း ရှေးစံတို့ကို ပုံနှင့်တကွ ပြထားသည့်ပြင် ၏၊ ၏၊ ၍၊ သို့၊ ၌၊ ၎င်း–အက္ခရာတို့ ဖြစ်ပေါ်လာပုံကို အမြစ်အရင်းနှင့်တကွ ထုတ်ပြထားသဖြင့် ရှေးဟောင်း သုတေသနဌာနနှင့် ပြတိုက်သဖွယ်ဖြစ်ပေသည်။

**ရှေးဟောင်း ကဗျာများ** စတုတ္ထခန်း၌ ရှင်မဟာသီလဝံသ၊ နတ်ရှင်နောင်၊ ရဝေ ရှင်ထွေး၊ တောင်ငူနဝဒေးကြီး၊ ရခိုင်ဥက္ကာပျံ၊ မင်းဧယျ ရှုမိတ်၊ ရှင်သံခို စသော ကဗျာစာဆိုတော်များ ရေးသားစီကုံးခဲ့သော ဘုန်းတော် ဘွဲ့၊ လက်ထပ်မင်္ဂလာ အခမ်းအနားဘွဲ့၊ နားထွင်းသျှောင်ထုံး အခမ်းအနားဘွဲ့၊ မိုးဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ မေတ္တာစာ၊ ဆုတောင်းစာ၊ ဆောင်းပါးသတင်း စသော အဖွဲ့အနွဲ့များနှင့် ဘုရား၊ ကျောင်း၊ သိမ်၊ အရိုးအိုး စေတီ ကျောက်စာ သံပိုင်းများကို ရှေးဟောင်းလက်ရာမပျက် တိမ်မြုပ်ကွယ်ဝှက် အသိခက်သော အရာများ၌သာ အမှာစကားချပ်ညှပ်ကာ စီစဉ်ထားသဖြင့် ရှေးဟောင်းကဗျာ ဝါသနာပါသူများ၏ စာကြည့်တိုက်သဖွယ်ဖြစ်ပေသည်။

**အထွေထွေ မှတ်ဖွယ်** ပဥ္စမခန်းတွင် ပရိသတ်အလယ် ရဲရင့်တင့်တယ်စွာ ပြော ဆိုနိုင်သော ပညာရှိတို့ လက်သုံးပြုသည့် စကားကြီးဆယ် မျိုး၊ စကားအရာ အင်္ဂါလေးတန်၊ စကားခြောက်ခွန်း၊ ဥပမာ စကားမျိုး လေးဆယ်၊ စကားမျိုး ၈၆၊ စကားမျိုး ၁၁၅၊ မွေသတ်ဆိုင်ရာ ဥပမာစကား ၅၁၊ စကားပုံ ၈၄ မျိုး၊ ဥပစာဆယ်ပါးတို့ကို စုံလင်စွာ ဖော်ပြထားသည့်ပြင်၊ လက်ရေး၊ လက်သား၊ စာရေး၊ စာဖတ်၊ စာအံ၊ စာကျက်၊ စာကြည့်၊ စာရွတ်၊ စာစီ၊ စာကုံး၊ အနှုန်းအဖွဲ့ များကို အဓိပ္ပာယ်ခွဲပြထားသဖြင့် စကားပြော၊ တရားဟောအရာ၌ လူတော် လူ ကောင်းဖြစ်နည်း နိဿရည်းသဖွယ်ဖြစ်ပေသည်။

**ဟံသာဝတီ၏ အာသီသ** ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၏ အာသီသ တောင့်တရင်း နှလုံးသွင်းမှာ– ပါဠိတော်များ၊ အဋ္ဌကထာ များ၊ ဋီကာများ၊ ယောဇနာများ၊ ဂန္ထန္တရများနှင့်တကွ ရှေးဆရာတော်ကြီးများ ရေးသားတော်မူခဲ့သော ပိဋကတ်တော်လာ စာပေများ မတိမ်ကောမပပျောက်စေ ရန်လည်းကောင်း၊ မသူတော်တရား ကွယ်ပ၍ သူတော်တရား ထွန်းကားလာစေရန် လည်းကောင်း၊ ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွား၍ အဓွန့်ရှည်စွာတည်စေရန် လည်းကောင်း ရည်သန်ပြီးလျှင် အဆက်မပြတ် ပိဋကတ်တော်ကျမ်းစာများကို ရိုက်နှိပ်အပ်သည်ဖြစ်၍ ယခုအခါ ဤ**ပေါရာဏဒီပနီ**ပထမတွဲကို ရှင်းလင်း သေသပ်သော အထားအသို၊ အပိုအလိုမရှိသော ပုဒ်ပါဌ်၊ အဖြတ်အရပ် ကျနု သေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရအောင် ပါဠိဆရာကြီး **ဦးခင်စိုး** [သာသနဓဇ သိရိပဝရဓမ္မာစရိယ] နှင့် ဆရာ **ဦးသိန်းဟန်**၊ **ဦးရွှေဖူး** တို့အား ကောင်းစွာသုတ်သင်ပြင်ဆင်စေကာ စတုတ္ထအကြိမ် စက်တင် ပုံနှိပ်အပ်သည်ဖြစ်ပါ ကြောင်း။

**ဟံသာဝတီ**

❖